**၄။ သရက်အသားထိုးပိုး**

**Mango Pulp/Fruit Weevil : *Cryptorhynchus frigidus* (Fabricius, 1787): *Sternochetus frigidus* (Fabricius, 1787)**

**Coleoptera : Curculionidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ကြီးများသည် အနက်ရောင်ပေါ်တွင် အညိုရောင်အကွက်များပါသော သေးငယ်သည့် အခွံမာကျိုင်းကောင်လေးများဖြစ်ပြီး (၆-၉) မီလီမီတာခန့် ရှည်ကာ အဝေးသို့ ပျံသန်းလေ့မရှိပါ။ သရက်ပင်စည်၏ သစ်ခေါက်များအကြား ကိုင်းဆုံကိုင်းခွအကြားနှင့် အနီး တစ်ဝိုက်မှ အဆွေးအမြွေများ၊ ကျောက်တုံးလေးများအကြားတွင် ပုန်းခိုကာ ပန်းပွင့် နှင့် ရွက်နု များ၊ အသီး၏ အခွံပေါ်တွင် စားသောက်ပြီး သရက်သီးတစ်မျိုးတည်းကိုသာ ဖျက်ဆီးပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက် ကောင်များသည် အသီးအတွင်းတွင်လှိုဏ်ကောင်းထွင်းကာ စားသောက်ဖျက်ဆီးပြီး မစင်များ ထုတ်ကာ အသီးကိုခွဲကြည့်ပါက အသီးမှာ စားသုံးရန် မသင့်သော အခြေအနေကိုတွေ့ရသည်။ အကောင်ကြီးများ အသီးအပြင်ထွက်ပြီးပါက အသီးပေါ်တွင် ဝိုင်းစက်သော အပေါက်ငယ်ကို တွေ့ရသည်။ အပေါက်မတွေ့ရသေးသော အသီးများကိုခွဲကြည့်ပါက လောက်ကောင်များ၊ ပိုးရုပ်ဖုံးများ၊ အကောင်ကြီးများတွေ့ရပြီး တစ်ခါတရံ အသီးအတွင်းတွင် အကောင်ကြီး (၃-၅)ကောင်ခန့်ထိတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | - (၅-၇)ရက် |
| လောက်ကောင်အဆင့် | -(၂၀ -၃၀) ရက်) |
| ရုပ်ဖုံးအဆင့် | -(၇)ရက် |
| အကောင်ကြီးအဆင့် | -(၃၇) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)သရက်ပန်းစတင်ပွင့်ချိန်မှ (၅၅-၆၅) ရက် အတွင်း (ကြက်ဥအရွယ်) တွင်ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတမျိုးမျိုးအားဆေးဘူး၊အထုတ်ပါ အညွှန်း အတိုင်း ပက်ဖျန်းပြီး (၂-၃)ရက်အတွင်း အိတ်စွပ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin)
- ဒိုင်နိုတီဖြူရမ် (Dinotefuran)

(၂)ကြွေကျအသီး/အသီးပုပ်များအား အပတ်စဉ်စုဆောင်းပြီး အောက်ပါနည်းလမ်းများကို အသုံးပြု၍ ဖျက်ဆီးပါ။

(က) မြေကျင်းတူး၍ အနည်းဆုံး အနက် (၁.၅)ပေခန့်တွင် မြေမြှပ်ပါ။

(ခ) ပလပ်စတစ်အိတ်အတွင်း ထည့်၍ ပုပ်ဆွေးသည် အထိ ထားရှိပြီး မြေဆွေးပြုလုပ်သုံးစွဲပါ။ ဖြစ်နိုင်လျှင် ကပ်ပါးနဂျီကောင်လေးများ အပြင်ထွက်နိုင်ပြီး ပိုးလောက်ကောင် မထွက်နိုင်သော အရွယ်အစားရှိသည့် အပေါက်

လေးများပါသော အိတ်များ အသုံးပြုပြီး သဘာဝ မိတ်ဆွေပိုးများ မွေးမြူနိုင်ပါသည်။

(ဂ) အသီးကြွေများကို တိရစ္ဆာန်များအား ကျွေး၍ ဖျက်ဆီးပါ။

(၃) ကိုင်းကြပ်၊ ကိုင်းညှပ်များအား ရှင်းလင်းပါ။

(၄)ခူးဆွတ်ပြီး အပင်နားချိန်တွင် ကိုင်းများဖြတ်ပြီး ပင်စည်နှင့် ကိုင်းဆုံ/ကိုင်းခွ နေရာများအား ဓာတုပိုးသတ်ဆေး တစ်မျိုး မျိုးအသုံးပြု၍ နှံ့နှံ့စပ်စပ် ပက်ဖျန်းနှိမ်နင်းပါ။

(၅)ခြံအတွင်း ပြန့်ကျဲနေသော ကျောက်တုံးများရှိပါက စုဆောင်းဖယ်ရှားပါ။ အပင် သစ်ခေါက်များကြား တွင် ပုန်းခိုနေတတ်၍ ရှာဖွေဖျက်ဆီးပါ။

(၆)ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာတွင် ဖော်ပြထားသည့် Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ကာတတ်ဟိုက်ဒရိုကလိုရိုက်(Cartap hydrochloride)
- အဆီတာမိပရစ်(Acetamiprid)
- ဒိုင်မီသိုအိတ်(Dimethoate)
- ဒိုင်နိုတီဖြူရမ် (Dinotefuran)